## (၉) စပါးယူဖရာရောဂါ (ခေါ်) စပါးပင်စည်နီမတုတ် (Rice Ufra)

## ရောဂါဖြစ်စေသောသက်ရှိ - *Ditylenchus angustus* (Butler, 1913) Filipjev, 1936

## ရောဂါလက္ခဏာများ

ရွက်နုများ၏ အခြေ ရွက်ပြားနှင့် ရွက်ဖုံး ထိတွေ့သော နေရာပတ်ဝန်းကျင်တွင် စတင်ပြီး အဖြူစက်များ/အစင်းများတွေ့ရသည်။ နောက်ပိုင်းတွင် ရွက်ပြားတစ်ခု လုံးဖြူ သွားသည်။ အသစ်ထွက်လာသောရွက်သစ် များတွန့်လိမ်နေသည်။ စပါးနှံ များရွက်ဖုံးမှ တစ်လစ်ထွက်နေခြင်း၊ အနှံသေးခြင်း၊ မအောင်မြင်သော အနှံများ ထွက်ခြင်း၊ အနှံများ ကောက်ကွေး၍ ပုံမမှန်ဖြစ်နေပြီး ရောဂါပြင်းထန်လျှင် တစ်ပင်လုံး မီးလောင်ကျွမ်း သလို ခြောက်သွေ့သွားသည်ကို တွေ့ရမည်။








## ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါကျရောက်ခဲ့သော လယ်တွင် ရိုးပြတ်များ၊ ပင်ကြွင်းပင်ကျန်များ၊ ရောဂါလက်ခံပင်များဖြစ်သော လမိုင်း၊ စပါးရိုင်း၊ ဒိုက်စပါး၊ ဒေါင်းစပါးများကို ဖယ်ရှား မီးရှို့ပါ။ ပင်စည်အတွင်းခိုအောင်နေသော ရောဂါဖြစ်စေသည့် နီမတုတ်များကို သေစေပြီး အထိရောက်ဆုံး ကာကွယ်နှိမ်နင်းနည်းလည်းဖြစ်ပါသည်။
- မီးရှို့ရန် အခြေအနေမပေးပါက ထယ် ၂-၃ စပ်(စက်ဖြင့် ၂-၃ကြိမ်) ဝင်ပြီး သမန်း ပုပ်အောင် ထားပါ။
- ရေသွင်းရေထုတ်စနစ်ကောင်းရန် ကန်သင်းဘောင်ခိုင်မာမှု၊ ရေလုံမှုတို့ကို သေချာအောင် ဆောင်ရွက်ပါ။ ရေကိုထိန်းသိမ်းနိုင်ရန်လယ်သမားတာပတ်ပါ။

- ရောဂါကင်းသော လယ်တွင်ပျိုးထောင်ပါ။
- ရောဂါကျရောက်ခဲ့သော စိုက်ခင်းမှ မျိုးစေ့ကို အသုံးမပြုသင့်ပါ။ အကယ်၍ မလွဲမရှောင်သာ အသုံးပြုရမည်ဆိုပါက မျိုးစေ့ကို ဆားရေနှင့်စိမ်ပြီး မျိုးရွေးချယ်ပြီးဆားရေစင်အောင် သေချာစွာရေဖြင့်ဆေးပြီးမှ စိုက်ပျိုးပါ။ မျိုးစေ့မှာ ကပ်နေသော နီမတုတ်များကို သေစေ သည်။
- နီမတုတ်သည် ရေဖြင့်ပျံ့နှံ့သဖြင့် ရေထုတ်ရန်ခက်ခဲသည့်နေရာများတွင် ရေ တစ်ကွင်းတစ်စပ်တည်းရှိသဖြင့် တောင်သူတစ်ဦးတွင် ရောဂါကျရောက်ပါက တောင်သူအများ စုပေါင်းနှိမ်နင်းမှသာ အကျိုးရှိမည်။
- ရောဂါကျရောက်တတ်သော စိုက်ခင်းများတွင် စပါးဆက်တိုက်စိုက်မည့်အစား စပါးနှင့် မျိုးရင်းမတူသော အခြားသီးနှံများနှင့် အလှည့်ကျစိုက်ပါ။
- နီမတုတ်သတ်ဆေးခဲ Fosthiazate (ဖော့စ်သီယာဇိတ်) ကို မြေခံအဖြစ် ထည့်သွင်းစိုက်ပျိုးပါ။
- ရောဂါရ ပင်ကြွင်းပင်ကျန်များနှင့် ရောဂါလက်ခံပင်များကို မီးမရှို့/ မဖယ် ရှား နိုင်ပဲ/ ရေမထိန်း နိုင်ဘဲ ဓာတုဆေးကို သုံးစွဲပါက စီးပွားရေး တွက်ခြေကိုက်မည် မဟုတ်ပါ။